# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက် အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် မေ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❏



ယနေ့ ဖတ်စရာ



အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀) လွှဲပြောင်းလက်ခံ — ပြည်တွင်းသတင်း စာ ၇

ပြောင်းလဲလာသည့်ရေစီးကြောင်းနှင့် ပြတိုက်စျေးကွက်ဖော်ဆောင်မှု — ဆောင်းပါး စာ ၁၀

ဗီယက်နမ်က လေယာဉ်အစင်း ၂၀ ထပ်မံဝယ်ယူရန် လက်မှတ်ရေးထိုး — နိုင်ငံတကာသတင်း စာ ၁၄

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❏ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"တရားမဝင် ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်"** လမ်းညွှန်မှာကြားထားကြောင်း။

**တင်ပို့မှုနှင့် တင်သွင်းမှုပါ များပြားလာ**

ထို့ပြင် စီးပွားရေးရာနှင့် ပတ်သက်သည့် အစည်းအဝေးများတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က **"တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးဆောင်ရွက်ရန်"** အမြဲတစေ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုကိစ္စရပ်များကို အထူးဂရုစိုက်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ ပြင်ဆင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ၁၉ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး ၁၈ ကြိမ်အထိ ဆုံးဖြတ်ချက် ၆၁၉ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သုံးနှစ်နှင့်လေးလတာကာလအတွင်း ဖမ်းဆီးရရှိမှုများကို ပြန်ကြည့်မည်ဆိုပါက ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီးဖော်ထုတ်ခဲ့ကြောင်း၊ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ် မတ်လတွင် ဖမ်းဆီးရရှိမှုသည် အများဆုံးဖြစ်ကြောင်း၊ ယခုထက်ပို၍ ဖမ်းဆီးဖော်ထုတ်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်

**◆ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဆင့်(၉)သာ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လို၊ ထို့ကြောင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်**

ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှုပါ များပြားလာကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်းတွေ့ရှိရကြောင်း၊ လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျ ထိထိမိမိ စစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း။

**ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်**

ထို့အပြင် ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းများ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာန အချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်း ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင် ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၁၇ သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပတ်ဝန်းကျင်အညွှန်းကိန်း Global Illicit Trade Environment Index တွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၈၁ သာ ရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်း ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် အဆင့်(၉)သာ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း တရားမဝင် ကုန်သွယ်မှုများ အလွန်အကျူးပြုလုပ်နေသည့်ကဏ္ဍ ၁၂ ရပ် ဖော်ထုတ်ထားကြောင်း၊ ယင်းတို့တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင် ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီး ကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

**ကြပ်မတ်ထိန်းချုပ် ဆောင်ရွက်**

ကဏ္ဍ ၁၂ ရပ်၏ ခေါင်းစဉ်များအလိုက် မိမိတို့အဖွဲ့များတွင်ပါဝင်ကြသည့် One Stop Service အဖွဲ့များ၊ စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သုံးနှစ်နှင့် လေးလတာ ကာလအတွင်း ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် သွင်းကုန် ကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့်အခြား လူ့အသုံးအဆောင်ပစ္စည်းများကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံး ကိရိယာနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်လိုင်စင်များဖြင့် ထုတ်ပေးထားကြောင်း၊ သို့သော်လည်း ယင်းအပေါ်ကျော်လွန်ပြီး ဆောင်ရွက်မှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းချုပ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**သတင်းများတွင် မကြာခဏထည့်သွင်းဖော်ပြ**

တစ်ဖက်ကလည်း ဖမ်းဆီးထိန်းချုပ်ပြီး တစ်ဖက်ကလည်း မူပိုင်ခွင့်ဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေများဖြင့် ခိုင်လုံအားကောင်းအောင် ပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် အစိုးရနှင့် လုပ်ငန်းရှင်များ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍသည် သတင်းရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ နှင့် ဧပြီလများအတွင်း သတင်းရရှိမှု ၂၅၅ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း ငါးကြိမ်နှင့် သတင်းမှန် ၂၃၇ ကြိမ်ဖြစ်ကြောင်း၊ နောက်ပိုင်းကာလ နောက်ကျသတင်းပေးပို့မှုများ နည်းပါးလာပြီး သတင်းမှန်ပေးမှု များပြားလာခြင်းကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ သတင်းပေးပြည်သူများ၏ လုံခြုံမှုနှင့် နစ်နာဆုံးရှုံးမှု မဖြစ်စေရေးအတွက် သတင်းလုံခြုံမှုကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ထိန်းသိမ်းလျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသောအမှုအပေါ်မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များ ထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းစသည့် ခံစားခွင့်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သတင်းများတွင် မကြာခဏ ထည့်သွင်းဖော်ပြပေးသွားကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုနှင့် စပ်လျဉ်း၍ ပစ္စည်းများ ဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်း ဖမ်းဆီးရမိခြင်းများ ရှိကြောင်း၊ ဖမ်းဆီးရမိသည့် ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံး အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းစသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်သည့် ဝန်ထမ်းများကလည်း တစ်ဦးချင်း လုံခြုံရေးအသိ၊ လုံခြုံရေး သတိနှင့် တာဝန်ထမ်းဆောင်ကြရန်နှင့် မိမိတို့အဖွဲ့အစည်း အဝင်းအဝိုင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် ပြည်သူများအားလုံးက ပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ကြမှသာ ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

❖ **ဖမ်းဆီးရရှိမှုနှင့် စပ်လျဉ်း၍ ပစ္စည်းများ ဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်း ဖမ်းဆီးရမိခြင်းများရှိ၊ ဖမ်းဆီးရမိသည့် ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံး အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ရဲမြင့်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါ ဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန် သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကွင်းဆင်းကောက်ယူခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမှတ် (၈)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ် ၁၀၁ ကတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဒေသခံများထံ ပေးအပ်သည်။

**ပြုလုပ်ဆောင်ရွက်**

အဆိုပါ ကွင်းဆင်းကောက်ယူခြင်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မော်လမြိုင်မြို့နယ်ရှိ နိုင်ငံသားစိစစ်ရေးကတ် ၁၃၀၄ ကတ်၊ Biographic / Biometric Data (UID) ကောက်ယူသူ ၂၂၀ တို့အား ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ရင်ပြင်နီနှင့် ဘယ်ဒန်အန်ခါရှိ အာကာသပြတိုက်တွင် လေ့လာ

**နေပြည်တော် မေ ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မေ ၂၃ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တော်ရှိ ကမ္ဘာကျော် သမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဘာသာရေးသမိုင်း၏ အထိမ်းအမှတ် အဆောက်အအုံများတည်ရှိရာ အကြီးမားဆုံးနှင့် အကျော်ကြားဆုံး ရင်ပြင်ဖြစ်ကာ မော်စကိုမြို့တော်၏ သမိုင်းဝင်ဗဟိုချက်လည်းဖြစ်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရင်ပြင်နီ (လှပသောရင်ပြင်) သို့ရောက်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော သူရဲကောင်းများအား ဂုဏ်ပြုထာဝရမီးဂူဖြစ်သည့် အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကို အောင်နိုင်ခဲ့သော ဆိုဗီယက် ဗိုလ်ချုပ်ကြီး ဂျော့ဂျ်ဇူးကော့ဖ် ဂုဏ်ပြုရုပ်တု၊ Resurrection Gate၊ စစ်သမိုင်းပြတိုက်၊ စစ်ရေးပြနေရာ၊ ၁၈၉၃ ခုနှစ်တွင် ဗဟိုဈေးဝယ်စတိုးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့် ဂွမ်း (GUM) ကုန်တိုက်၊ ၁၅၆၁ ခုနှစ်က တည်ဆောက်ခဲ့သည့် ဗာစီလီးဘလာရမ်းနီရီ ဘုရားကျောင်း၊ ကရင်မလင်နန်းတော် နံရံများနှင့် မျှော်စင်များ၊ ၁၈၁၂ ခုနှစ်တွင် နပိုလီယံ၏ တပ်များကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သဖြင့် အများပြည်သူတို့၏ လှူဒါန်းငွေများဖြင့် ၁၈၃၇ - ၁၈၈၃ ခုနှစ်များတွင် တည်ဆောက်ခဲ့သော ခရစ်စထ်စပါစီးကျေးလ် ဘုရားရှိခိုးကျောင်း၊ မြို့တော်အလယ်ဗဟိုနေရာ (ဇီးရီးကီလိုမီတာ)တို့တွင် လှည့်လည်လေ့လာ ကြည့်ရှုခဲ့ကြသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်စကိုမြို့တော်မြောက်ပိုင်းရှိ စတာလင်လက်ထက် ၁၉၃၀ ပြည့်နှစ်ကျော်နှင့် ၁၉၅၄ ခုနှစ်အတွင်း တည်ဆောက်ခဲ့သည့် ဆိုဗီယက်ပြည်ထောင်စုခေတ်၏ အမျိုးသားအကျိုးစီးပွား အောင်မြင်မှုသမိုင်းများကို ခင်းကျင်းပြသသည့် ပြတိုက်များ၊ အံ့သြဘနန်း ဗိသုကာလက်ရာများ၊ အပန်းဖြေဥယျာဉ်များ တည်ရှိရာ ဘယ်ဒန်အန်ခါ (VDNKh) ပန်းခြံသို့ ရောက်ရှိခဲ့ပြီး "Friendship of Peoples" ရေပန်းနှင့် ပြတိုက်များတွင် ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် အက်တမ် (ATOM) ပြခန်းတွင် လေ့လာပြီးသည့်နောက် စတုရန်းမီတာ ၁၀၀၀ ကျော်ကျယ်ဝန်းသည့် လေကြောင်းနှင့် အာကာသဆိုင်ရာ ပြခန်းသို့ရောက်ရှိခဲ့ပြီး ဇုန် ၁ အာကာသလမ်းမ ပြကွက်များ၌ အလေးချိန် တန်ပေါင်း ၃၀ ကျော်ရှိသည့် Mir orbital station အာကာသစခန်း၏ အရွယ်အစား အစစ်အတိုင်း ပြုလုပ်ထားသော ပုံစံတူမော်ဒယ်၊ အလိုအလျောက်ထိန်းချုပ်သော Diamond orbital station အပါအဝင် လက်တွေ့အရွယ်အစားရှိသော အာကာသစခန်းများ၊ ကမ္ဘာ့ပထမဆုံး အာကာသယာဉ်နှင့် အာကာသယာဉ်များ၏ ပုံစံများနှင့် ဒုံးပျံအင်ဂျင်နှင့် အရှိန်မြှင့်စက်များနှင့် ၂၀ ရာစု ရုရှားအာကာသပညာ၏ အောင်မြင်မှုများကို ဖော်ပြထားမှုများကိုလည်းကောင်း၊ ဇုန် ၂ တည်ဆောက်ရေးပြကွက်များ၌ အာကာသဆိုင်ရာ ဆေးပညာ၊ ဇီဝဗေဒနှင့် နက္ခတ္တဗေဒ သုတေသနများ၊ အာကာသစိုက်ပျိုးရေးပြကွက်များနှင့် "People in Space" အပိုင်းတွင် ကမ္ဘာ့ပထမဆုံး အမျိုးသားအာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင်နှင့် ကမ္ဘာ့ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူး ဖြစ်သည့် ထရယ်ရကော့ဗာတို့ အပါအဝင် ဆိုဗီယက်ခေတ်နှင့် ရုရှားအာကာသယာဉ်မှူးများ၏ စွမ်းဆောင်ရည်များ အကြောင်း ရှင်းလင်းဖော်ပြထားမှုများ၊ ဇုန် ၃ တွင် အနာဂတ် အာကာသစခန်းအဖြစ် စကြဝဠာ၏ တည်ဆောက်ပုံနှင့် အာကာသသိပ္ပံ ဖွံ့ဖြိုးတိုးတက်မှု၏ အလားအလာများ၊ ထူးခြားသော အပြန်အလှန်တုံ့ပြန်မှုရှိသည့် စမ်းသပ်ရေးယာဉ်များ၏ အကူအညီဖြင့် လာရောက်လေ့လာသူများသည် အာကာသထဲသို့ ခရီးထွက်နိုင်မှုများ၊ 5D Sphere ရုပ်ရှင်ရုံနှင့် မဟာပေါက်ကွဲမှုသီအိုရီမှ မားစ်ဂြိုဟ်တွင် လူသားတို့ အခြေချနေထိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှု အပါအဝင် စကြဝဠာကိုအောင်နိုင်မှု သမိုင်းပြကွက်များကို လေ့လာကြည့်ရှုသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ROSCOSMOS အပါအဝင် နိုင်ငံတကာ အာကာသအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော လေကြောင်းနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာ လူငယ်ကောင်းများကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စွမ်းအင်ဝန်ကြီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းများယာယီနေထိုင်ရန် Modular House များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအဆောက်အအုံတို့၌ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၁၀၇ ရှိ အခန်းများတွင် Stitching Method ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အဆိုပါရုံးပင်မအဆောက်အအုံနှင့် အခြားရုံးအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန် သင့်သည့် (အပြာရောင်အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ သို့ ရောက်ရှိကြပြီး အဆိုပါတိုက်အတွင်း ငလျင်ဒဏ်ကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုး ရရှိမှုအခြေအနေများအား မေးမြန်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၁၀၇ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံ အဆောက်အဦဖွံ့ဖြိုးမှုအသင်းက ငလျင်ကြောင့်ပျက်စီးခဲ့သည့် အဆောက်အအုံနှင့် အခန်းများတွင် Stitching Method ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သဇင် (၂) အပျိုဆောင် အဆောင်(၁)နှင့် သဇင်(၅) လူပျိုဆောင် အဆောင်(၁၁)တို့၌ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့်နံရံများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေအခြေခံ ဘက်စုံသုံးဆေးမှုန့် (SikaGrout) နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် တိုက်အမှတ် ၆၂၀၉ ကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သဇင်(၂) အပျိုဆောင်(၁) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

## လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း



ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား မေ ၂ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ၁၃ ဦး၊ သင်တန်းသူ ၂၇၈ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၉၁ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၆ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း - ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ၊ ဖုန်း -၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**ရန်ကုန် မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးလူမွန်နှင့်အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့အတွင်းရှိ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မေ ၂၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးနယ်မြေအတွင်းရှိ ဟံသာဝတီနန်းမြို့ရိုးဟောင်းနှင့် မလွတ်ကင်းသည့် ဌာနပိုင်အဆောက်အအုံနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် ပဲခူးအော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိပြီး အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်းနှင့် မိုက်ကရိုဝေ့ဗ်စခန်းများရှိ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေနှင့် အဆိုပါ စခန်းများရှိ စက်ပစ္စည်းများ ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နေသည့်အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အစဉ်အမြဲကောင်းမွန်နေစေရေး၊ ဆက်သွယ်ရေးဆက်ကြောင်းများ ပြတ်တောက်မှု မရှိစေရေးနှင့် အရန်ဆက်ကြောင်းများ အရန်သင့်ဖြစ်နေစေရေးစသည့် အထူးအလေးထားဆောင်ရွက်ရန် ကိစ္စများကို မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး Board of Directors အဖွဲ့ဖြင့် တွေ့ဆုံ၍ လေကြောင်းလိုင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခြိုးခြံချွေတာရေးကို အလေးထားရန်၊ ထို့ပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် နိုင်ငံပိုင်အလံတင်လေကြောင်းလိုင်း (Flag Carrier Airline) ဖြစ်သဖြင့် ရေရှည်အောင်မြင်စွာဖြင့် ရပ်တည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

**နည်းလမ်းများရှာဖွေရန် မှာကြား**

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီး၊ ဟံသာဝတီရုံး၌ KDDI Sumi–tomo Corporation အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိတာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာမှ အသုံးပြုနေကြသည့် ခေတ်မီနည်းပညာများကို လေ့လာ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်၊ ယှဉ်ပြိုင်ဆောင်ရွက်နေရသည့် တယ်လီကွန်းဈေးကွက်အတွင်းသုံးစွဲသူများ၏ လိုအပ်ချက်နှင့်အညီ ဈေးကွက်ပိုမိုရရှိစေရန် ထိုးဖောက်ဆောင်ရွက်သွားရန်၊ ဝင်ငွေတိုးတက်ရရှိနိုင်မည့်နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်၍ အသုံးစရိတ်များ လျှော့ချသွားရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးစွဲခြင်းနည်းလမ်းအားဖြင့် စွမ်းအင်သုံးစွဲမှုကို နေရာဒေသအလိုက် ကုန်ကျစရိတ် သက်သာသည့် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ်များ တည်ဆောက်ခြင်း ၊ ရေယာဉ်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွား ကုန်သွယ်ရေယာဉ်တည်ဆောက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စတို့နှင့်စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆောလျင်စွာလုပ်ငန်းစတင်နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဆက်စပ်ဌာနအဖွဲ့အစည်းများမှလည်း မြန်မာ့သင်္ဘောကျင်း၏ လိုအပ်ချက်များအပေါ် ကူညီပံ့ပိုးပေးရန် မှာကြားသည်။

**သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် မှာကြား**

ထို့နောက် တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်း၌ ရေယာဉ်နှစ်စင်း လွန်းတင်ထားရှိမှု၊ လွန်းကျင်းအနီးရှိ ရေယာဉ်တည်ဆောက်နိုင်သည့် အမာခံလွင်ပြင်တွင် မြေပြုပြင်မှုအခြေအနေများနှင့် လွန်းတင်လွန်းချအလုပ်ရုံမှ ရေယာဉ်ပြုပြင်ခြင်းလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာငွေတိုးတက်ရှာဖွေရေး အလေးထားဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘီလပ်မြေတန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀) လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘီလပ်မြေတန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀)ကို မြန်မာ့တပ်မတော်(ရေ)မှ တင်ဆောင်လာသည့် UMS Myik Kyi Nar သင်္ဘောသည် မေ ၂၃ ရက် နံနက် ၁၀ နာရီက သီလဝါ(MITT) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

**လွှဲပြောင်းလက်ခံ**

ထိုသို့ ရောက်ရှိလာသည့် ဘီလပ်မြေ တန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀) ကို ယနေ့ ညနေပိုင်းက လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို သီလဝါဆိပ်ကမ်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က ဘီလပ်မြေအိတ်များ လှူဒါန်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ထံမှ လွှဲပြောင်းလက်ခံသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုန်တင်ကားများပေါ် တင်ဆောင်၍ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်တာဝန်ပေး ခန့်အပ်မည့် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ၈၅၈ ဦး စုစုပေါင်း ၂၅၃၈ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိပြီး ဆက်လက်လေ့လာသင်ယူဆဲ ကျောင်းသား ကျောင်းသူများလည်းရှိနေကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

**အလုပ်ခန့်အပ်လွှာများ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ခြောက်ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၉၃ ဦးတို့အား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး ထူးချွန်ဆုရ ကျောင်းသားနှင့် ၎င်း၏ မိဘများအား တွေ့ဆုံဂုဏ်ပြုအားပေးစကားပြောကြားကာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံတွင် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများ၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၌ အေဂျီတီအိုင်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ကလောအနည်ကျချိုင့်ဝှမ်း (Kalaw Basin) အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့်နေရာများ ရှာဖွေဖော်ထုတ်နိုင်ရေး ပထမအကြိမ် ပဏာမစူးစမ်းလေ့လာခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြမည့်ပူးပေါင်းအဖွဲ့အား စခန်းချအောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် မေ ၂၆**

ကလောအနည်ကျ ချိုင့်ဝှမ်း (Kalaw Basin) အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့်နေရာများ ရှာဖွေဖော်ထုတ်နိုင်ရေး ပထမအကြိမ် ပဏာမစူးစမ်းလေ့လာခြင်းလုပ်ငန်း ကွင်းဆင်း ဆောင်ရွက်ကြမည့် ပူးပေါင်းအဖွဲ့များအား တွေ့ဆုံအားပေးခြင်းနှင့် စခန်းချအောင်နိုင်ရေး အလံပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး)၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဘူမိဗေဒပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က မိမိတို့နိုင်ငံအတွင်း ကုန်းတွင်းအနည်ကျချိုင့်ဝှမ်း ၁၄ ခုရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကောင်းစွာ ရှာဖွေတူးဖော်၊ ထုတ်လုပ်ခြင်း မပြုလုပ်ရသေးသည့် အနည်ကျချိုင့်ဝှမ်းကိုးခုရှိပါကြောင်း၊ ၎င်းတို့အနက်မှ ကလောအနည်ကျချိုင့်ဝှမ်း (Kalaw Basin)တွင် ယခုကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကွင်းဆင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်စေရန်အတွက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း၊ ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါကြောင်း၊ ၎င်းဆွေးနွေးမှုများမှ တစ်ဆင့် နယ်ပယ်စုံမှပါဝင်သည့် "စွမ်းအင်ကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ" ကို ဖွဲ့စည်းခဲ့ပြီး ယခုကဲ့သို့ "University – Industry – Research & Development Tripartite Collaboration" ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်က ကုန်းတွင်းရေနံမြေများ ရှာဖွေဖော်ထုတ်ရာတွင် အနေအထားဘူမိဗေဒ (Structural Geology) လေ့လာရန်အတွက် ကောင်းကင်ဓာတ်ပုံ (Aerial Photo) များကိုသာ အသုံးပြုခဲ့ရပြီး ယခုအခါ တိုးတက်လာသည့် Remote Sensing နည်းပညာများကို အသုံးပြုပြီး Satellite Image များကို အသုံးပြုလာနိုင်သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေရာတွင် အထောက်အကူပြုလာနိုင်ပြီး ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကွင်းဆင်းလေ့လာခြင်းသည် ပဏာမစူးစမ်းလေ့လာခြင်း အဆင့်သာဖြစ်ပြီး ဆက်လက်၍ အသေးစိတ်ထပ်မံ လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းလေ့လာမှုများအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ အခက်အခဲများကြားမှရရှိလာသည့် အခွင့်အရေးကို အကျိုးရှိရှိအသုံးချ၍ နိုင်ငံတော်အတွက် အဖိုးထိုက်တန်သော ရေနံမြေသစ်တစ်ခု ရှာဖွေဖော်ထုတ်နိုင်မည့် ကွင်းဆင်းလေ့လာမှုမှတ်တမ်း (Field Report) တစ်ခုရရှိအောင် အတူတကွပူးပေါင်းဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) တို့က ကွင်းဆင်း ဆောင်ရွက်ကြမည့် ပူးပေါင်းအဖွဲ့အား လိုအပ်သည်များ မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက ကွင်းဆင်းဆောင်ရွက်ကြမည့် ပူးပေါင်းအဖွဲ့အား စခန်းချ အောင်နိုင်ရေး အလံပေးအပ်ပြီး စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကာ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘု ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား တက်ရောက်ဖွင့်လှစ် မှတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်




**မြစ်ကြီးနား မေ ၂၆**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါ်ခွဲဘုသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၂၀၀ တို့က ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ကျောင်းအပ်လက်ခံဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အဆိုပါကျောင်း အေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းတေးသီချင်း၊ ဆီမီးခွက်အကတို့ဖြင့် သီဆို/ကပြဖျော်ဖြေ ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ကျောင်းသား ကျောင်းသူများအား အတန်းစဉ်အလိုက် အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက ကျောင်းတက်မယ် တေးသီချင်းသရုပ်ဖော်ဖြင့် လည်းကောင်း၊ ဇာတိမာန်သီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ခန်းမအတွင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ပညာရေးစွမ်းရည်ပြခန်းငယ်များ၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မေ ၂၅ ရက် ညနေပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း ကျင်းပခဲ့သည့် မှတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဒေသထွက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းပြခန်း၊ ဒေသထွက် စားသောက်ကုန်များ၊ သမဝါယမနှင့် စားသုံးသူရေးရာ၊ သစ်သားပန်းပုနှင့် လက်မှုထုတ်ကုန်များ၊ လူသုံးကုန်နှင့် အဝတ်အထည်များ၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာပြခန်းများ ပြသရောင်းချနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ဝယ်ယူပေးအပ်ကြသည်။

ယင်းနောက် အဆိုပါကွင်းအတွင်း ညွှန့်ကြိုခန်းမဆောင်၌ မှတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ MSME ထုတ်ကုန်ပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇင်မာလတ်က ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၁၁ ဦးအား ဆုချီးမြှင့်နိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲတွင် OROP ထုတ်ကုန်ဆု၊ အငယ်စားနှင့် အသေးစား ထုတ်ကုန်အထူးဆုရရှိခဲ့သော ကဆန်ထီ၊ အိလေးနှင့် ပူတာအိုဒေသ ထွက်ကုန် လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မှတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲတွင် စားသောက်ကုန်ကဏ္ဍနှင့် လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍတို့တွင် သက်ဆိုင်ရာအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော MSME လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကြီးမှူး၍ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** (Forum on Rebuilding Myanmar: Post-Earthquake Economic Recovery) သုံးသပ် ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် "မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ"၊ "စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"၊ "စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" စသည့်ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊ ဖုန်း ၀၆၇ - ၃၄၃၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

# ပြောင်းလဲလာသည့်ရေစီးကြောင်းနှင့် ပြတိုက်ဈေးကွက်ဖော်ဆောင်မှု

သီသီဆောင်း

**ပြတိုက်၏ အခန်းကဏ္ဍ**

ပြတိုက်များသည် လူထုအတွက် အသိပညာပေးရေးကဏ္ဍအဖြစ်သာမက မိမိနိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ဖော်ပြရာတွင် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသခြင်းမှတစ်ဆင့် ပြည်သူများအား ပညာပေးရေးအတွက် တန်ဖိုးရှိသော အဖွဲ့အစည်းများ ဖြစ်ကြပါသည်။

အမျိုးသားပြတိုက်သည် လွတ်လပ်၍ အချုပ်အခြာအာဏာရှိသော နိုင်ငံများတွင်သာ တည်ထောင်နိုင်ပြီး နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားပြုတန်ဖိုးအဖြစ် ရပ်တည်နေပါသည်။ အထူးသဖြင့် အမျိုးသားပြတိုက်သည် နိုင်ငံတစ်နိုင်ငံ၏ မျက်နှာစာဖြစ်ပြီး ယဉ်ကျေးမှုမီဒီယာအဖြစ် အလွန်အရေးကြီးလှပါသည်။ အမျိုးသားပြတိုက်(ရန်ကုန်)သည် ဒဂုံမြို့နယ်၊ အမှတ် ၆၆/၇၄၊ ပြည်လမ်း၌ တည်ရှိပြီး ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်နေ့တွင် ပန္နက်ချ တည်ဆောက်ခဲ့ကာ ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လေ့လာနိုင်ရန် ဖွင့်လှစ်ခဲ့ပါသည်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်မှု (Museum Marketing)၏ အဓိပ္ပာယ်**

ပြတိုက်ဈေးကွက်ဖော်ဆောင်မှုဆိုသည်မှာ ပြတိုက်တစ်ခု၏ ရည်ရွယ်ချက်များ၊ ဝန်ဆောင်မှုများ၊ ပြသမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်သော ပရိသတ်များ (Target Audiences) ထံသို့ ထိရောက်စွာရောက်ရှိစေခြင်း၊ ဆွဲဆောင်ခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းတို့အတွက် သုတေသနအခြေခံပြီး ကြိုတင်အစီအစဉ်ဖြင့် ဆောင်ရွက်သော မဟာဗျူဟာဆိုင်ရာ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်ရေး ရည်ရွယ်ချက်များ**

(၁) ဧည့်သည်အရေအတွက် တိုးတက်လာစေရန်၊
(၂) အထူးပြပွဲများဖြင့် ပြည်သူ့သိမြင်မှု တိုးလာစေရန်၊
(၃) ယာယီပြခန်းများမှတစ်ဆင့် ဝင်ငွေတိုးလာစေရန်၊
(၄) ကောင်းမွန်သော ပြတိုက်အမှတ်တံဆိပ် တည်ဆောက်ရန်၊
(၅) မကြည့်ဖူးသေးသော ပရိသတ်အသစ်များ ဆွဲဆောင်ရန်နှင့် လာရောက်ပြီးသူများကို နောက်ထပ်လာချင်စိတ် ဖြစ်လာစေရန်၊
(၆) ဈေးကွက်ဖော်ဆောင်မှုကို အသုံးချ၍ ဝန်ဆောင်မှုတိုးတက်စေရန်၊
(၇) ဈေးကွက်ဖော်ဆောင်မှုမှတစ်ဆင့် ပြတိုက်ပုံရိပ် မြှင့်တင်ရေး သုတေသနများ ပြုလုပ်နိုင်စေရန်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်မှုပေါင်းစပ်မှုလေးချက်**

လူ့ဘောင်အတွင်းရှိ လုပ်ငန်းနယ်ပယ်အသစ်များ၊ နည်းပညာတိုးတက်မှုများနှင့်အတူ ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည်လည်း ခေတ်အလိုက် တိုးတက်ပြောင်းလဲလာသည်။ ပြတိုက်ဈေးကွက်ဖော်ဆောင်မှု၏ (4Ps) မှာ ပြတိုက်ထုတ်ကုန်/ဝန်ဆောင်မှု (Museum Product)၊ ပြတိုက်ဈေးနှုန်း (Museum Price)၊ ပြတိုက်တည်နေရာ (Museum Place)နှင့် ပြတိုက်မြှင့်တင်ရေး (Museum Promotion) တို့ ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်။

**၁။ ပြတိုက်ထုတ်ကုန်/ဝန်ဆောင်မှု**

ပြတိုက်၏အဓိကထုတ်ကုန်မှာ ပြသပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ ပြခန်းအတွင်း ဖန်တီးမှုများ၊ ဝန်ဆောင်မှုများ၊ အထူးပြပွဲများနှင့် ပညာရေးအစီအစဉ်များတို့ဖြစ်သည်။ ထို့ပြင် နည်းပညာအသစ်များဖြင့် Virtual Tours များ ပြုလုပ်ခြင်း၊ Online




Exhibitionsများ ဖော်ပြခြင်းသည်လည်း ပါဝင်ပါသည်။

**၂။ ပြတိုက်ဈေးနှုန်း**

ဈေးနှုန်းသတ်မှတ်မှုသည် ပရိသတ်အမျိုးအစားအလိုက် မျှတစွာ သတ်မှတ်ရန် လိုအပ်သည်။ သားသမီးများ၊ ကျောင်းသားများ၊ ခရီးသွားအုပ်စုများအတွက် လျှော့ဈေးစနစ်များ၊ ပညာရေးအဖွဲ့အစည်းများအတွက် အထူးစီစဉ်ထားသော ဝင်ကြေးစနစ်၊ ထပ်ဆောင်း ဝန်ဆောင်မှုများအတွက် ခေတ်မီငွေချေမှုစနစ်များ၊ Online Booking ထည့်သွင်းခြင်း၊ Museum Shop များမှ အမှတ်တရပစ္စည်းများ၊ စာအုပ်များ စသည်တို့ကို ရောင်းချခြင်းသည် လည်ပတ်မှုမြှင့်တင်ရေးနှင့် ဝင်ငွေအရင်းအမြစ်တစ်ခုအဖြစ် ပါဝင်ပေသည်။

**၃။ ပြတိုက်တည်နေရာ**

ပြတိုက်၏ တည်နေရာသည် ခရီးသွားလုပ်ငန်းနှင့် နီးစပ်မှုရှိရမည်။ လမ်းကြောင်း လွယ်ကူခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်မှုစနစ် ရောက်ရှိနိုင်ခြင်း၊ ခရီးသွားချောမွေ့မှု၊ မသန်စွမ်းသူများအတွက် လမ်းကြောင်း၊ ပံ့ပိုးမှုအဆင်ပြေမှု ပါဝင်ခြင်း၊ Digital Place အနေဖြင့် ပြတိုက်၏ Website တည်ဆောက်ထားခြင်း၊ ပြတိုက်မြှင့်တင်ခြင်း၊ Google Maps ပေါ်တွင် တည်နေရာတိတိကျကျ တင်ပြထားခြင်းတို့ ပါဝင်ပါသည်။

**၄။ ပြတိုက်မြှင့်တင်ခြင်း**

ပြတိုက်အပေါ် လူထုအာရုံစိုက်မှုမြှင့်တင်ရန် ကြော်ငြာနှင့် အသိပညာပေးလုပ်ငန်းများကို အထူးလုပ်ဆောင်ရပေမည်။ Social Media Platform များ (Facebook၊ Instagram၊ Tik Tok) တို့မှ အထူးပြပွဲများ၊ ပွဲတော်များတွင် ပါဝင်ခြင်း၊ ကျောင်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းမှု၊ Public Relations Campaigns ပြုလုပ်ခြင်း၊ ဒေသခံ လူထုနှင့် ဆက်သွယ်မှုဖြင့် စိတ်ပါဝင်မှုနှင့် ယုံကြည်မှုရရှိအောင် လုပ်ဆောင်သင့်ပါသည်။

Museum Marketing Mix (4Ps) ကို ခေတ်မီနည်းစနစ်ဖြင့် စနစ်တကျ အသုံးပြုနိုင်ခြင်းဖြင့် ပြတိုက်တစ်ခုသည် လူထုနှင့် ပိုမိုနီးကပ်လာနိုင်ပြီး ပြတိုက်၏ လည်ပတ်မှုနှင့် တန်ဖိုးကို မြှင့်တင်နိုင်ပေသည်။ ဤအချက်များကို မြန်မာနိုင်ငံပြတိုက်များတွင် ရှုမြင်ချက်အသစ်ဖြင့် သုံးသပ်ဆောင်ရွက်နိုင်ပါက ပြတိုက်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုအား ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်မှုတွင် ပါဝင်သင့်သောအချက်အလက်များ-**

**ပရိသတ်သိရှိမှု**။ ပြတိုက်သို့လာရောက်သည့် ပရိသတ်များအကြောင်း သက်ဆိုင်သူအုပ်စုများ (ဥပမာ - ကျောင်းသားများ၊ ခရီးသွားများ၊ ဒေသခံများ၊ မိသားစုများ)၏ သဘောသက်ရောက်မှုနှင့် အကျင့်အပြုအမူများကို နားလည်ခြင်း။

**ပရိသတ်လိုအပ်ချက်နှင့် အလုံးစုံဆန်းစစ်မှု** ။ ပရိသတ်အတွက် အသုံးဝင်သော အကြောင်းအရာများ၊ ဝန်ဆောင်မှုများနှင့် အတွေ့အကြုံများကို ဖန်တီးနိုင်ရန်၊ သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်း။

**ဆက်သွယ်ရေးဗျူဟာများ** ။ ပရိသတ်နှင့် ထိထိရောက်ရောက် ဆက်သွယ်နိုင်ရန်အတွက် မီဒီယာရွေးချယ်မှု၊ မက်ဆေ့ချ်ပေးပို့မှုနည်းလမ်းများနှင့် သင်္ကေတပြုလုပ်မှုများအပါအဝင် အကြောင်းအရာတင်ပြနည်းများကို စီမံခြင်း။

**ပြတိုက်အမှတ်တံဆိပ်ဖော်ဆောင်မှု**

ပြတိုက်၏ တန်ဖိုးနှင့် ဂုဏ်သတင်းကို ဖော်ပြနိုင်သည့် တန်ဖိုးကို ဖန်တီးခြင်း၊ ပူးပေါင်းဆောင်ရွက်မှု ပညာရေးအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းများ၊ မီဒီယာများ၊ လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ ပရိသတ်အသစ်များ ရရှိနိုင်စေရန် အခွင့်အလမ်းဖန်တီးခြင်း၊ နည်းပညာအသုံးပြုမှု၊ Social Media Platforms၊ Websites၊ Online Ticketing and Virtual Exhibitions စသည့် နည်းပညာအခြေခံနည်းလမ်းများကိုသုံး၍ ပြတိုက်၏ စွမ်းဆောင်ရည်နှင့် တုံ့ပြန်မှုအဆင့်မြှင့်တင်ခြင်းတို့ ဖြစ်သည်။ ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည် ပြတိုက်ကို လူထုနှင့် ပိုမိုနီးစပ်မှုရှိနိုင်စေပြီး ခေတ်နှင့်အညီ ပြောင်းလဲမှုများအတွင်း ပြတိုက်တစ်ခု၏ တည်နေရာ၊ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များကို ပြသနိုင်သော လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါသည်။

**ဈေးကွက်ဖော်ဆောင်မှု၏ အရေးပါမှု**

ယနေ့ခေတ် ပြတိုက်များအတွက် ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည် မဖြစ်မနေလိုအပ်လာသော အရေးပါသည့် စနစ်တကျဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်လာသည်။ ပြတိုက်များ၏ တာဝန်တွင် ပညာပေးရေး၊ လူထုဆက်ဆံရေးနှင့် ဈေးကွက်ဖော်ဆောင်မှု အခန်းကဏ္ဍများမှာ အရေးကြီးဆုံးဖြစ်ပြီး ဈေးကွက်ဖော်ဆောင်မှုများမှ ဧည့်သည်များ၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန်၊ ဧည့်သည်များကို ဆွဲဆောင်နိုင်ရန် ပြတိုက်ဝန်ဆောင်မှုများကို မဟာဗျူဟာမြောက်နည်းလမ်းများဖြင့် ကြိုးစားဖန်တီးရပါမည်။

ဧည့်သည်များအနေဖြင့် ပြတိုက်အပေါ် စိတ်ဝင်စားမှုနှင့် အမြင်ကောင်းများ ပေါ်ထွက်လာစေရန်၊ ပြတိုက်ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ခြင်း၊ ပြသပစ္စည်းများ၏ တန်ဖိုးမြှင့်တင်ခြင်း၊ ဥပမာ– Digital Labeling၊ Interactive Screens၊ Audio Guide Apps နှင့် သတင်းအချက်အလက်များ ထုတ်ပြန်ဖော်ပြခြင်းများသည် အရေးကြီးပါသည်။

လူ့ဘောင်ပြောင်းလဲမှုများနှင့်အတူ ပြတိုက်များသည် လူမှုဖွံ့ဖြိုးရေးအတွက် ယဉ်ကျေးမှုကို ပြသခြင်းနှင့် ဝေမျှခြင်း၊ အသိပညာမြှင့်တင်ရေးနှင့် ခရီးသွားဈေးကွက်တွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ချဲ့ထွင်လာပါသည်။ ပြတိုက်များအတွက် ဈေးကွက်ဖော်ဆောင်မှုလုပ်ငန်းစဉ်သည် ဧည့်သည်များနှင့် ဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာပေးရေးနှင့် ဝင်ငွေရှာဖွေရေးအတွက် မရှိမဖြစ် အရေးကြီးပါသည်။ ပြတိုက်တစ်ခု၏ အောင်မြင်မှုမှာ ၎င်း၏ ဖန်တီးနိုင်စွမ်းနှင့် ဧည့်သည်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုတို့အပေါ် အခြေခံပါသည်။

ပြတိုက်များအနေဖြင့် ရည်မှန်းချက်၊ အမြင်၊ ရည်ရွယ်ချက်များနှင့် ပန်းတိုင်များကို ရှင်းလင်းစွာ သတ်မှတ်ထားရန် လိုအပ်ပေသည်။ ပြတိုက်များသည် အကျိုးအမြတ်မရှာသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ဈေးကွက်ဖော်ဆောင်မှုကို သာမန်စီးပွားရေးလုပ်ငန်းများအတိုင်း မပြုလုပ်နိုင်သော်လည်း အများပြည်သူနှင့် ဆက်သွယ်သည့် ဝန်ဆောင်မှုတိုးတက်ရန်နှင့် ဧည့်သည်ဆွဲဆောင်ရန်အတွက် အထူးပြပွဲများ ပြုလုပ်ကာ မဟာဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်မှုကို ထည့်သွင်းစဉ်းစားရန် မဖြစ်မနေလိုအပ်ပါသည်။ ဈေးကွက်ဖော်ဆောင်မှု၏ အဓိကစနစ်ဖြစ်သည့် ဖလှယ်မှုကိုဖြစ်စေရန် ဧည့်သည်၏ စိတ်ဝင်စားမှု၊ ဆန္ဒနှင့် တုံ့ပြန်မှုတို့ကို ရရှိစေရန် ဝန်ဆောင်မှုများ ပေးရပါမည်။

*စာမျက်နှာ ၁၁ သို့*

❖ **ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည် ပြတိုက်ကို လူထုနှင့် ပိုမိုနီးစပ်မှုရှိနိုင်စေပြီး ခေတ်နှင့်အညီ ပြောင်းလဲမှုများအတွင်း ပြတိုက်တစ်ခု၏ တည်နေရာ၊ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များကို ပြသနိုင်သော လမ်းကြောင်းတစ်ခုလည်းဖြစ်**

❖ **ပြတိုက်များ၏ တာဝန်တွင် ပညာပေးရေး၊ လူထုဆက်ဆံရေးနှင့် ဈေးကွက်ဖော်ဆောင်မှု အခန်းကဏ္ဍများမှာ အရေးကြီးဆုံးဖြစ်ပြီး ဈေးကွက်ဖော်ဆောင်မှုများမှ ဧည့်သည်များ၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန်၊ ဧည့်သည်များကို ဆွဲဆောင်နိုင်ရန် ပြတိုက်ဝန်ဆောင်မှုများကို မဟာဗျူဟာမြောက်နည်းလမ်းများဖြင့် ကြိုးစားဖန်တီးရပါမည်**



ကံကောင်းရွာသစ်ကျောင်းဆရာတော်၊ နတ်ရေတွင်းဆရာတော်၊ ကန်ညီနောင်ကြာတစ်ပွင့်ဆရာတော်၊ ဦးစီးကော်မတီအဖွဲ့ဝင် ဦးဝင်းကိုကိုလတ်၊ ဦးတင့်နိုင်တို့က မေ ၂၃ ရက်တွင် စစ်ကိုင်းမြို့ သီတဂူဝိပဿနာဌာန၌ ခရမ်းမြို့နယ်သူ မြို့နယ်သားများ၏ စုပေါင်းလှူဒါန်းခဲ့သော အလှူတော်ငွေကျပ် ၃၁၁၆၃၀၀ ကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ အေးမဥ္ဇူ

## ကွန်ဟိန်းမှာ VDP စီမံကိန်းဖြင့် တံတားနှစ်စင်း တည်ဆောက်မည်

**ကွန်ဟိန်း မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ရန် မြေပြင်အကြို ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက လွယ်ဆိုင်ကျေးရွာ၌ ကွင်းဆင်းခဲ့သည်။

လွယ်ဆိုင်ကျေးရွာ၌ အဆိုပါ ကွန်ကရစ်တံတားများသည် အလျား ၂၂ ပေ၊ အနံ ၅ ပေ၊ အမြင့် ငါးပေရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများ အသုံးပြု၍ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ အကူအညီများဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## ဘီးလင်း၌ (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်အခြေခံနည်းပြသင်တန်းဖွင့်လှစ်

**ဘီးလင်း မေ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကြီးမှူးကျင်းပသော (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်အခြေခံနည်းပြသင်တန်းဖွင့်ပွဲကို မေ ၂၄ ရက်က အ.ထ.က ကန်သာယာကျောင်း၌ ကျင်းပရာ သော်ကမြောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရသာရက သြဝါဒမိန့်ကြားပြီး ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးဝင်းရှိန်က အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းမှ ကျောင်းဆရာ ဆရာမ ၁၈၃ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာတော် လေးပါးက မေ ၂၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**မှော်ဘီ မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉နာရီက အ.ထ.က(၁) ပညာရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မှော်ဘီခရိုင်ပညာရေးမှူးရုံး ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်က ကျောင်းအပ်နှံရေး သီတင်းပတ် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ မှော်ဘီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက မြို့နယ်အတွင်း ကျောင်းအပ်နှံရေးကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အခမဲ့ဖြန့်ဝေသော ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ်များကို မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်ကလည်းကောင်း၊ ဗလာစာအုပ်နှင့်ကျောင်းသုံးပုံနှိပ်များအား မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး ပြည့်စုံကျော်က လည်းကောင်း၊ ခဲတံနှင့်ကျောင်းသုံးပုံနှိပ်များအား မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးတို့က အသီးသီးပေးအပ်သည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## ဆီဆိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်

**ဆီဆိုင် မေ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မေ ၂၃ ရက်က ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာရှိ ကျေးရွာအုပ်စုအုပ်ချုပ်မှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ကြရာ ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုး၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဒေသခံပြည်သူများအတွက် ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ် ၇၂ ကတ်ကို ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့သည်။ (အောက်ပုံ) **မြို့နယ်(ပြန်/ဆက်)**




## သထုံမြို့နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော

**သထုံ မေ ၂၆**

သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ “လူငယ်အလင်းရောင်” စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်၍အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်း လုပ်ငန်းများကို မေ ၂၄ ရက်က ဆောင်ရွက်ကြသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စာကြည့်တိုက်တာဝန်ခံတို့က ကျောင်းသားကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းအပြင် အသိပညာပေးအဖြစ် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှု ပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများတို့ကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည် အခြားစီးပွားရေးဈေးကွက်ကဲ့သို့ မဟုတ်ဘဲ လူမှုရေးနှင့် ပညာရေးအဖွဲ့အစည်းတစ်ခုအနေဖြင့် သတ်မှတ်ထားပါသည်။ ပြတိုက်ထုတ်ကုန်များကို ဧည့်သည်များ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန် အမြဲတမ်းပြောင်းလဲတိုးတက်အောင် ပြင်ဆင်ပြီး သင့်လျော်သည့် ထုတ်ကုန်အမျိုးအစားများနှင့် ကွင်းဆက်ကို ဂရုပြုထိန်းသိမ်းရမည်ဖြစ်ပါသည်။ ထို့ပြင် ပြတိုက်သည် ယှဉ်ပြိုင်နိုင်သော အသစ်တီထွင်မှုများကို မပြတ်တမ်းဖန်တီးပြီး ထိုပြောင်းလဲမှုများကို အထက်အောက် အဆင့်တိုင်းမှ အပြန်အလှန်ပူးပေါင်းစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သင့်ပါသည်။ ယင်းတို့တွင် တီထွင်ဆန်းသစ်မှုရှိသော ဝန်ဆောင်မှုများ၊ ဝန်ထမ်းနှင့် ဧည့်သည်များအကြား အပြန်အလှန်လှုပ်ရှားမှု၊ စနစ်တကျစီမံခန့်ခွဲမှုတို့ ပါဝင်ပါသည်။

ပြတိုက်တစ်ခုအနေဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်ပါသည်။ ဧည့်သည်များသည် ဝန်ဆောင်မှုကို အမျိုးမျိုးသော နည်းလမ်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပြီး ဝန်ဆောင်မှုများကို ရုပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုဟူ၍ နှစ်မျိုး ခွဲခြားနိုင်ပါသည်။

**စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ**ဟူသည်မှာ ပြတိုက်ဧည့်သည်များအနေဖြင့် ကိုယ်တိုင်ထိတွေ့၍ မရနိုင်သော ဝန်ဆောင်မှုများ ဖြစ်ပြီး၊ သူတို့၏ စိတ်ခံစားမှု၊ အတွေ့အကြုံနှင့် သဘောထားများအပေါ် အခြေခံ၍ ခံစားရသော ဝန်ဆောင်မှုများကို ဆိုလိုသည်။ ထိုဝန်ဆောင်မှုများသည် ဧည့်သည်တစ်ဦး၏ ပြတိုက်သို့ လာရောက်ကြည့်ရှုစဉ် စိတ်ကျေနပ်မှု၊ စိတ်အားထက်သန်မှု၊ စိတ်အေးချမ်းမှု၊ သင်ယူသိမြင်မှုများကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**ဥပမာများမှာ -**

(၁) ပြတိုက်ဝန်ထမ်းများမှ ယဉ်ကျေးသိမ်မွေ့စွာ ဝန်ဆောင်မှုပေးခြင်း၊

(၂) ဧည့်သည်များအတွက် ဂရုစိုက်မှုရှိသော အပြုအမူပြုခြင်း၊

(၃) ဧည့်သည်များအပေါ် ချစ်ခင်လေးစားမှု၊ အလေးအနက်ထားမှုနှင့် ကြိုဆိုဆက်ဆံခြင်း ၊

(၄) စိတ်ပင်ပန်းမှု လျော့ချစေသော လွတ်လပ်အေးချမ်းသော ပတ်ဝန်းကျင်ဖန်တီးခြင်း၊

(၅) ပညာပေးသည့် ဖော်ပြချက်များ၊ လမ်းညွှန်ခြင်းများကို သေချာစွာ စီမံတင်ပြခြင်း၊

(၆) မေးခွန်းများကို တုံ့ပြန်ဖြေကြားပေးသော Customer Service ဝန်ထမ်းများ၏ ဝိုင်းဝန်းဆောင်ရွက်မှု၊

(၇) ဧည့်သည်အပေါ် မျှတမှုနှင့် လေးစားမှုရှိသော ဆက်ဆံရေးတည်ဆောက်မှု၊

(၈) စိတ်ပါဝင်စားစွာပြခန်းများအလိုက် ပညာပေးရှင်းလင်းပြသခြင်း၊

(၉) သက်သောင့်သက်သာဖြစ်စေသော စိတ်အပန်းဖြေခြင်း အတွေ့အကြုံများ ဖန်တီးခြင်း၊

(၁၀) ပြတိုက်အပေါ် သဘောကျမှု၊ သင်ယူမှု၊ တန်ဖိုးထားမှု တိုးလာစေခြင်း၊

(၁၁) ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊

(၁၂) ယဉ်ကျေးပျူငှာစွာ ကြိုဆိုမှု၊

(၁၃) ပြတိုက်ပညာအကြောင်းကို စိတ်ပါဝင်စားစွာ ရှင်းပြပေးမှု၊

(၁၄) ပညာရပ်နှင့် ကျွမ်းကျင်မှု၊

(၁၅) ကောင်းမွန်သော ခရီးလမ်းညွှန်မှု၊

(၁၆) ယဉ်ကျေးမှုအမွေအနှစ်များ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးရာတူရိယာများတို့၏ ဆွဲဆောင်မှု စသဖြင့် “ပြတိုက်သည် ရင်ထဲရောက်သော စာအုပ်တစ်အုပ်ဖြစ်ရမည့်” စိတ်ခံစားမှုရရှိစေမည့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

ထို့ပြင် ချိုသာသော ပြောဆိုမှု၊ အပြုံးဖြင့် ဆက်ဆံမှု၊ စမတ်ကျသော ဝတ်စားဆင်ယင်မှုတို့သည် ဧည့်သည်များအတွက် ပြတိုက်အပေါ် ယုံကြည်မှုနှင့် သက်သောင့်သက်သာဖြစ်စေပါသည်။ Intangible service သည် ဝယ်ယူ၍ မရနိုင်သော၊ ဧည့်သည်၏ စိတ်နှလုံးကို ဖမ်းစားနိုင်သော ဝန်ဆောင်မှုဖြစ်သဖြင့် မရှိမဖြစ် လိုအပ်ပါသည်။ “Smile is the shortest distance between two people” ဟု ဆိုသကဲ့သို့ အပြုံးတစ်ချက်က ဧည့်သည်နှင့် ပြတိုက်အကြား ချစ်ကြည်ရေးတံတားတစ်ခု ဖြစ်စေနိုင်ပါသည်။

ပြတိုက်၏ ဝန်ဆောင်မှုအောင်မြင်မှုအတွက် “F” သုံးလုံးဖြစ်သော-

(၁) Fast (မြန်ဆန်မှု)

(၂) Flexible (လိုက်လျောညီထွေမှု)

(၃) Friendly (ဖော်ရွေမှု)ကို လိုက်နာရမည်ဖြစ်ပြီး ဧည့်သည်လိုအပ်ချက်များကိုလည်း ထောက်ပံ့ပေးနိုင်ရပါမည်။

ဤသို့ Sweet-Smile-Smart ဝန်ဆောင်မှုစံနှုန်းများဖြင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ဦးစားပေးလုပ်ဆောင်ခြင်းသည် ပြတိုက်အောင်မြင်မှု အခြေခံဝန်ဆောင်မှုပင် ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်

ရန်ကုန် မေ ၂၆

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်လျက် ရှိသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုခြင်း အခမ်းအနားကို တက်ရောက်ကြည်ညိုသည်။**



အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဇောတိက၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာဝံသ၊ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန အမှူးပြုသည့် သင်ကြားစီမံဆရာတော်များ၊ ပါမောက္ခ၊ ဌာနမှူး ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြင်ပ ပညာရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိက က ဩဝါဒကထာ မိန့်ကြားပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေဋကော ပဒေသပါဠိတော် အင်္ဂလိပ်ဘာသာပြန်ဆိုနေမှု အခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေး ဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပိဋကတ်တော်ကျမ်းများကို သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ (ရန်ကုန်)မှ ပြန်လည်စိစစ်တည်းဖြတ်လျက်ရှိကြ သော ပိဋကတ်ဘာသာပြန် စာတည်းကော်မတီအဖွဲ့၊ OCR လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော ရဟန်းတော်များနှင့်တွေ့ဆုံပြီး ပိဋကတ်ဘာသာပြန် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ပိဋကတ် ဘာသာပြန်လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရဟန်း တော်များက မူရင်းကျမ်းစာအုပ်များထဲမှ မူရင်း မှားယွင်းမှုများကို ပြန်လည်ပြင်ဆင်ပြီး ပညာရှင် များနှင့်တိုင်ပင်၍ ဆဋ္ဌမူပုံစံအတိုင်း ပြန်လည်ပြင်ဆင် ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးကြရာ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက ပိဋကတ် ဘာသာပြန်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်း လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာ ကြသည့် ရဟန်းတော်များအား လှူဖွယ်ပစ္စည်း၊ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းပြီး ခန်းမအတွင်း၌ နမူနာခင်းကျင်း ပြထားသည့် ပိဋကတ်သုံးပုံဘာသာပြန်ကျမ်းစာအုပ် များကို ကြည့်ရှုသည်။ **သတင်းစဉ်**

## စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools)များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

မုံရွာ မေ ၂၆

မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် ကွန်တိန် နာကျောင်းဆောင် (Prefabricated Schools)များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ဒီဇယ်အခြေခံ ပညာ အလယ်တန်းကျောင်းတွင် ကျင်းပသည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမြတ်ကျော်က ငလျင်ဘေး ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား အချိန်မီ လည်ပတ်နိုင်ရေး၊ အမိုးအကာအောက် ရောက်ရှိနိုင် ရေး၊ ပျက်စီးမှုများအား ပြန်လည် ရှင်းလင်းရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက် ရှိပြီး စစ်ကိုင်းမြို့ပေါ်ရှိ ငလျင် ဘေးသင့် ကျောင်းများအနက် အထကခွဲ ရန်နိုင်၊ အထကခွဲ ရွာထောင်၊ အလကခွဲ ဒီဇယ်၊ အလကခွဲပါရမီနှင့် အလကခွဲ ဇေယျာ စသည့် စာသင်ကျောင်း ငါးကျောင်းအတွက် အာဆီယံ The AHA Centre မှ ယာယီ ကျောင်းဆောင်များအား ကိုယ်တိုင် လာရောက် လှူဒါန်းပေးမှုအပေါ် နိုင်ငံတော်ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြော ကြားသည်။

ယင်းနောက် အာဆီယံ The AHA Centre ၏ အမှုဆောင် ညွှန်ကြားရေးမှူး Mr Lee Yam Ming မှ ကွန်တိန်နာကျောင်း ဆောင် (Prefabricated Schools) များ ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များထံ ကွန်တိန်နာကျောင်း ဆောင် (Prefabricated Schools) များ လွှဲပြောင်းပေးအပ်ပြီး **(ဝဲပုံ)** တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

အဆိုပါ အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် အလျားပေ ၁၂၀ ၊ အနံ ပေ ၃၀ နှစ်ဆောင်၊ အလျားပေ ၉၀ ၊ အနံ ပေ ၃၀ တစ်ဆောင်နှင့် အလျား ပေ ၆၀ ၊ အနံပေ ၃၀ နှစ်ဆောင် ကွန်တိန်နာ ကျောင်းဆောင် ငါးဆောင်အား ထောက်ပံ့လှူဒါန်း သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ၅၆ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်း စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက် သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့်ဟင်းသီး ဟင်းရွက်များအား ပြည်ထောင်စု နယ်မြေ(နေပြည်တော်)၊ စစ်ကိုင်း နှင့် မန္တလေးမြို့များအတွင်း ငလျင် ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူ များသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက် မှစ၍ သက်သာသောဈေးနှုန်းများ ဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ မေ ၂၆ ရက်တွင် ၅၆ ရက် မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိ ကြောင်း သိရသည်။




၂၀၂၅ ခုနှစ် မေ ၂၆ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည် တော်)အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ခြောက်ပြည်ပါ (မနောသုခ – Export Quality) ၄၂ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံ ပေါ်ဆန်း) ၂၄ အိတ်၊ ဆီ ပိဿာ ၁၂၀၀၊ ဆား ၁၀ ပိဿာ ၅၀ ကျပ် သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၃၈ ထုပ်၊ ငါးပိ ၃ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သား ပါ ၂၁ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ် သားပါ ၁၆ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ အထုပ် ၂၀၊ အာပွဲ ခြောက် ၁၀ ကျပ်သားပါ ၁၇ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ကြက်ဥ အလုံး ၃၈၀၊ ဘဲဥ အလုံး ၅၀၊ ခေါက်ဆွဲခြောက် ၁၂ ထုပ် တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင်စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တို့ပူးပေါင်း၍ MSME ထုတ်ကုန် များ၊ လူသုံးကုန်များ၊ စားသောက် ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်း များ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုး တို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင် ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူ များသို့ ဈေးကားကြီး(အရောင်း ယာဉ်)ဖြင့် ၂၀၂၅ ခုနှစ် မေ ၅ ရက် မှစ၍ သက်သာသော ဈေးနှုန်းများ ဖြင့် လှည့်လည်ရောင်းချပေးလျက် ရှိကြောင်း သတင်းရရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် မေ ၂၆ ရက်တွင် စစ်ကိုင်းမြို့၌ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) လေး အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား သုံးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ တစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ် သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၆၀၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ငါးပိဿာနှင့် အာလူး နှစ်ပိဿာ တို့ကို သက်သာသော ဈေးနှုန်းများ ဖြင့် ရောင်းချပေးခဲ့ပြီး ၂၀၂၅ ခုနှစ် မေ ၂၂ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ(မနောသုခ) ၁၈ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား တစ်ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ တစ်ထုပ်၊ ငါးနီတူ ခြောက် ၁၀ ကျပ်သား တစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ ကြက်ဥအလုံး ၂၄၄၀၊ ဘဲဥအလုံး ၅၂၀ နှင့် ခေါက်ဆွဲခြောက် အထုပ် ၂၀ တို့ကို သက်သာသောဈေးနှုန်း များဖြင့် လှည့်လည်ရောင်းချပေး ခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်း သား ၊ သမီးများအား ပထမအကြိမ် စာရေးကိရိယာများနှင့် ပညာသင်အထောက်အကူပစ္စည်းများပေးအပ်သည့် အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းသား၊ သမီးများအား ပထမအကြိမ် စာရေးကိရိယာများနှင့် ပညာသင်အထောက်အကူပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် KG မှ Grade–12 အထိ အခြေခံပညာကျောင်းများတွင် အဆင်ပြေချောမွေ့စွာ တက်ရောက်ပညာသင်ကြားနိုင်ရန် စာရေးကိရိယာများနှင့် ပညာသင်အထောက်အကူပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းသား၊ သမီးများ ကျောင်းသွား / ကျောင်းပြန် လွယ်ကူအဆင်ပြေစေရန်နှင့်ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောင်းကြို / ပို့ကားများကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုကာလသည် ငလျင်ဘေးကြောင့် အိမ်နေရာအပြောင်းအရွှေ့နှင့် ကျောင်းနေရာ အပြောင်းအရွှေ့များရှိသော်လည်း ကျောင်းဖွင့်ရာသီအမီ ပညာသင်ကြားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများနှင့် ပညာသင်အထောက်အကူပစ္စည်းများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်သုံးထပ်ကွမ်းရရှိသူ Grade–12 မှ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားမည့် မူလတန်း ၃၅၂ ဦး၊ အလယ်တန်း ၁၉၇ ဦး၊ အထက်တန်း ၁၄၉ ဦးနှင့် ကိုယ်ပိုင်ကျောင်း ၃၉၈ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၀၉၆ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၅)အထည်စက်ရုံ (ပခုက္ကူ)နှင့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးပြည့်မီစေရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ထူထောင်ထားရှိရန် လိုကြောင်း၊ မကြာမီကာလအတွင်း စာသင်ကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအတွက် အရည်အသွေးပြည့်မီသည့် ကျောင်းစိမ်းဝတ်စုံများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုကြောင်း မှာကြားကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်သော ဝါဂွမ်းကုန်ကြမ်းပစ္စည်းများ ဝယ်ယူရရှိရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံရှိ ချည်မျှင်ဌာနနှင့် ကုန်ကြမ်း သိုလှောင်ရုံတို့အား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



မတ် ၂၅ ရက် နံနက်ပိုင်းတွင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး ထုတ်လုပ်ရေး(၁) ဌာန၊ လေသန့်စင်သည့် အလုပ်ရုံ (ASP) တွင် Turbo Compressor ပြင်ဆင်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ သံရည်ကြိုအလုပ်ရုံ (၁) Melt Shop (1)တွင် သံရည်ကြိုမီးဖို(EAF)ရှိ လေနှင့်အမှုန်အမွှားများ စုပ်ထုတ်ဖယ်ရှားသည့် (Removable Duct) ဧရိယာရှိ ရေပိုက်လိုင်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ မဖောက်ထုံးထုတ်လုပ်သည့် Ton 120 Lime Plant တွင် မဖောက်ထုံး သိုလှောင်သည့် Silo Bin ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ Melt Shop(2) ရှိ ကုန်ကြမ်းသယ်ယူသည့်ဧရိယာသို့ MAN Hole အတွင်း ရေဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်မှုအခြေအနေ၊ သံပြားကြိတ်သည့် အလုပ်ရုံ (Hot Strip Mill)တွင် (၆၅)ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ Crop Shear ဧရိယာနှင့် Entry Side Guide ဧရိယာရှိ Mechanical and Civil Drawing များအား ကြည့်ရှုစစ်ဆေးပြီး Melt Shop (1)တွင် သံရည်ကြိုခြင်းလုပ်ငန်းအား ဇွန်လပထမအပတ်တွင် စတင်လည်ပတ်နိုင်ရေးနှင့် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရန်၊ Melt Shop (2) ဧရိယာတွင် ဆောင်ရွက်မည့် Hydraulic လုပ်ငန်း၊ WTP ပိုက်လိုင်းစစ်ဆေးခြင်းလုပ်ငန်း၊ HVAC စစ်ဆေးခြင်းလုပ်ငန်းနှင့် Automation လုပ်ငန်းများအား စက်တင်ဘာလအပြီး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

*❍ ကျောဖုံးမှ*

မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားသည်။

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ လာအို၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၉ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ ဇွန် ၁၁ ရက်တွင် လာအိုအသင်း၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲများကို ဇွန် ၉၊ ၁၁၊ ၁၃ ရက်တွင် တစ်နေ့လျှင် လေးပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

*❖ ကျောဖုံးမှ*

အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒေါ်နယ်ထရမ့်က ဟားဗတ်တက္ကသိုလ်တွင် တက်ရောက်နေသည့် နိုင်ငံတကာကျောင်းသားများ၏ အမည်နှင့် နိုင်ငံကို တောင်းဆို

**ဆန်ဖရန်စစ္စကို မေ ၂၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟားဗတ်တက္ကသိုလ်တွင် တက်ရောက်နေသည့် နိုင်ငံတကာကျောင်းသား ကျောင်းသူများ၏ အမည်နှင့် နိုင်ငံများစာရင်းကို အလိုရှိကြောင်း မေ ၂၅ ရက်က ပြောကြားသည်။

ထရမ့်အစိုးရအဖွဲ့က နိုင်ငံခြားကျောင်းသားများအား ဟားဗတ်တွင် တက်ရောက်ခွင့် ရုပ်သိမ်းခြင်းကို ဖက်ဒရယ်တရားရုံးတစ်ခုက ပိတ်ပင်တားဆီးပြီးနောက် မကြာမီ အဆိုပါတောင်းဆိုချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံတကာကျောင်းသားများအားလုံးသည် အခြားတက္ကသိုလ်သို့ ပြောင်းရွှေ့ရန် လိုအပ်မည် သို့မဟုတ် ရရှိထားသည့် အဆင့်အတန်းကို ဆုံးရှုံးရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ စာသင်နှစ်က နိုင်ငံတကာကျောင်းသားများ အရေအတွက်မှာ စုစုပေါင်းစာရင်းဝင် အရေအတွက်၏ ၂၇ ရာခိုင်နှုန်းကျော်ရှိကြောင်း ဟားဗတ်၏ အချက်အလက်များအရ သိရသည်။

အဆိုပါတက္ကသိုလ်သည် လက်ရှိတွင် နိုင်ငံနှင့် ဒေသပေါင်း ၁၄၀ ကျော်မှ နိုင်ငံတကာကျောင်းသားနှင့် ပညာသင်ဆုရသူကျောင်းသား ၆၈၀၀ ခန့် တက်ရောက်နေကြောင်း သိရသည်။

**ဆင်ဟွာ**






# အစ္စရေးက ဂါဇာနယ်နိမိတ် ၇၇ ရာခိုင်နှုန်းထိန်းချုပ်ထားပြီး ဒေသခံများကို အတင်းအကျပ်ပြောင်းရွှေ့ရန် ဖိအားပေးနေဟုဆို

**ဂါဇာ မေ ၂၆**
အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ကို ၇၀ ရာခိုင်နှုန်းကျော် ထိန်းချုပ်ထားကြောင်းနှင့် ဒေသခံများကို ပြောင်းရွှေ့ရန် အတင်းအကျပ် ဖိအားပေးနေကြောင်း ဂါဇာအာဏာပိုင်များက ပြောသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု ဆိုသည်။

အစ္စရေးတပ်မတော်သည် ဂါဇာတွင် ပြင်းထန်သည့် မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ပြီး မဟာဗျူဟာမြောက် ပစ်မှတ်များဟု ဆိုသည့် နေရာများကို သိမ်းပိုက်ထိန်းချုပ်လာနေကြောင်း သိရသည်။ ထို့ပြင် အစ္စရေးတပ်မတော်သည် မေ ၂၅ ရက်တွင် ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုများလည်း ဆက်လက်လုပ်ဆောင်ခဲ့သည်။

ဂါဇာကျန်းမာရေးအာဏာပိုင်များက လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၃၈ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် ပဋိပက္ခဖြစ်ပွားချိန်မှစတင်ကာ သေဆုံးသူပေါင်း ၅၃၉၃၉ ဦးရှိလာပြီဖြစ်ကြောင်း ပြောသည်။ အာဏာပိုင်အဖွဲ့ မီဒီယာရုံး၏ မေ ၂၅ ရက် ထုတ်ပြန်ချက်တွင် ပါလက်စတိုင်းများကို အတင်းအကျပ် ပြောင်းရွှေ့ခိုင်းစေမှုက နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို အစ္စရေးက ချိုးဖောက်သည်ဟု စွပ်စွဲထားကြောင်း ဖော်ပြထားသည်။ အဆိုပါထုတ်ပြန်ချက်၌ အစ္စရေးက ဂါဇာကမ်းမြောင် ပထဝီဝင်ဧရိယာ စုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းကို ထိရောက်စွာ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အစ္စရေး တပ်မတော်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် အစီးရေ ၃၈၈ စီးကို ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခွင့်ပြုခဲ့သည်ဟု ထုတ်ပြန်ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်က လေယာဉ်အစင်း ၂၀ ထပ်မံဝယ်ယူရန် လက်မှတ်ရေးထိုး

**ဟနွိုင်း မေ ၂၆**
ဗီယက်နမ်တန်ဖိုးနည်းလေကြောင်းလိုင်း ဗီယက်ဂျက်လေကြောင်းလိုင်းသည် ကိုယ်ထည်ကျယ်သည့် အဲဘတ်စ် A330-900 အမျိုးအစားလေယာဉ် အစင်း ၂၀ ထပ်မံဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို မေ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဒေသတွင်း အစိုးရမီဒီယာ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

အဆိုပါ လေယာဉ်များသည် ဗီယက်ဂျက်လေကြောင်းလိုင်း၏ အာရှ-ပစိဖိတ်ဒေသတစ်လျှောက် ခရီးသည် ဝင်ဆံ့အားများသည့် လမ်းကြောင်းများကို တိုးချဲ့ရန် စီမံကိန်းများနှင့် ဥရောပဒေသသို့ ခရီးရှည်လေကြောင်း ဝန်ဆောင်မှုများ စတင်မိတ်ဆက်ရန် ထောက်ပံ့ကူညီမှု ပေးနိုင်လိမ့်မည်ဟု အဆိုပါမီဒီယာက ဖော်ပြထားသည်။

ယင်းသဘောတူညီချက်မှာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန် ဟနွိုင်းသို့ ရောက်ရှိနေစဉ်အတွင်း ဗီယက်နမ်နှင့် ပြင်သစ် စီးပွားရေးလုပ်ငန်းများအကြား ပိုမိုကျယ်ပြန့်သော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗီယက်နမ်နှင့် ပြင်သစ်နိုင်ငံတို့သည် ကမ္ဘာမြေ လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုသစ် ပူးပေါင်းထုတ်လုပ်နိုင်ရေး ရည်ရွယ်သည့် ကြေညာချက်တစ်စောင်ကိုလည်း မေ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ အဆိုပါစီမံကိန်းသည် ဂြိုဟ်တုနည်းပညာကို တိုးတက်အောင် လုပ်ဆောင်ရန်၊ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန်နှင့် အဝေးထိန်းအာရုံစနစ်မှတစ်ဆင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အပံ့ပေးရန် ရည်ရွယ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# အမေရိကန်ပြည်ထောင်စုတွင် ဖက်စပ်ယာဉ်များတိုးချဲ့ထုတ်လုပ်သွားမည်ဟု ဟွန်ဒါပြော

**တိုကျို မေ ၂၆**
ဂျပန်နိုင်ငံ၏ ဟွန်ဒါကား ထုတ်လုပ်ရေးကုမ္ပဏီက အမေရိကန် ပြည်ထောင်စုတွင် ဖက်စပ်ယာဉ် ထုတ်လုပ်မှုကို တိုးမြှင့်သွားရန် စီစဉ်ထားသည်ဟု ပြောကြားလိုက်သည်။ ဖက်စပ်ယာဉ်ပုံစံများသည် အမေရိကန်နိုင်ငံတွင် လူကြိုက်များလျက်ရှိသည်။




အမေရိကန် ပြည်ထောင်စု အနောက် အလယ်ပိုင်း အင်ဒီယာနာပြည်နယ်ရှိ ဟွန်ဒါစက်ရုံမှ တစ်နှစ်လျှင် ကားအစီးရေ ၂၅၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ ဖက်စပ်ကား ထုတ်လုပ်မှုသည် ၆၀ ရာခိုင်နှုန်းခန့် ရှိသည်။

ဟွန်ဒါကားကုမ္ပဏီ၏ ဖက်စပ်ကားများသည် အမေရိကန် ပြည်ထောင်စုတွင် လူကြိုက်များ ကျော်ကြားလာသောကြောင့် အဆိုပါ ကားထုတ်လုပ်မှုများကို တိုးမြှင့်ထုတ်လုပ်ရန် ဟွန်ဒါကားကုမ္ပဏီက မျှော်မှန်းထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်အစိုးရ၏ အကောက်ခွန်စည်းကြပ်မှုကို တုံ့ပြန်သောအားဖြင့် ကားကုမ္ပဏီသည် အမေရိကန်လုပ် မော်တော်ယာဉ် အစိတ်အပိုင်းများကို ဝယ်ယူရန် ဆုံးဖြတ်ထားသည်။

ဟွန်ဒါကား ထုတ်လုပ်ရေး ကုမ္ပဏီမန်နေဂျာ ရှီမိဇုဒိုင်ဇုကီက ဖက်စပ်ကားများကို အမြောက်အမြားထုတ်လုပ်ရန် အာရုံစိုက်ထားကြောင်း ပြောကြားသည်။ အဆိုပါကားများသည် မြောက်အမေရိကတွင် ဝယ်လိုအားများမည်ဟု မျှော်လင့်ထားကြောင်း ၎င်းကပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ပစ်ခတ်မှုဖြစ်ပွားသဖြင့် သေနတ်သမားအပါအဝင် လေးဦးသေဆုံး

**မနီလာ မေ ၂၆**
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ပိုင်း ခါဗီတီပြည်နယ် ၌ မေ ၂၆ ရက် နံနက်ပိုင်းက ပစ်ခတ်မှုဖြစ်ပွားသဖြင့် သေနတ်သမားအပါအဝင် လေးဦးသေဆုံးပြီး အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က ဒပ်မာရီ နပ်စ်မြို့ရပ်ရွာ အဆောက်အအုံရှေ့၌ အလံတင်အခမ်းအနား ပြုလုပ်နေစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူသုံးဦးမှာ ကျေးရွာတာဝန်ရှိသူများဖြစ်ကြပြီး ဒဏ်ရာရရှိသည့် အမျိုးသမီးတစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားမှာ အသက် ၅၀ အရွယ်အမျိုးသားတစ်ဦးဖြစ်ပြီး အခြားသုံးဦးကို ပစ်သတ်ပြီးနောက် မိမိကိုယ်ကို ပစ်ခတ်ခဲ့ကြောင်း၊ အခင်းဖြစ်ပွားရခြင်း၏ နောက်ကွယ်မှ အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကယားပြည်နယ် ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**လွိုင်ကော် မေ ၂၆**

ကယားပြည်နယ် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်အတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနာဂတ် လူရည်မွန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရန် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ထောက်ကူပစ္စည်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် အဘက်ဘက်မှ ပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုသည့် ယခုနှစ်၏ ကျောင်းအပ်နှံရေးဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးနှင့် ဘေးကင်းလုံခြုံရေးကို မိဘများနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းပြီး ပြည်နယ်၏ ပညာရေးကဏ္ဍကို ယခုထက် ပိုမိုတိုးတက်အောင် အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် ကျောင်းဝတ်စုံ၊ ချီးမြှင့်ငွေ၊ အခြေခံစားကုန်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများကိုလည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးက စီမံဝန်ထမ်းများအတွက် ဝတ်စုံစရိတ်၊ ချီးမြှင့်ငွေနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဒေါ်တင်တင်အေးက ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အခြေခံပညာအထက်တန်းကျောင်းခွဲ (လောခမ္မ)ကျောင်းသူ ကျောင်းသားများက "ပန်းတိုင်းပွင့်စေ"သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခြင်း၊ ပြည်နယ်ပညာရေး ဘင်ခရာအဖွဲ့က တီးမှုတ်ဖျော်ဖြေတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက အခမ်းအနားတွင် ပါဝင်ဖျော်ဖြေခဲ့ကြသောအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးသည်။



ယနေ့အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့မှ ဆရာ ဆရာမများနှင့် စီမံ/လေ့ကျင့်ဝန်ထမ်း ၁၃၀၄ ဦးအတွက် ကျောင်းဝတ်စုံ၊ ချီးမြှင့်ငွေနှင့် အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**ထားဝယ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက် အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကန်ဘောက်ကျေးရွာ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေသော Petro & Trans Co., Ltd.၊ မြိတ်မြို့နယ်တွင် Heavy Fuel Oil (HFO)သုံး အင်ဂျင်စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေသော Petro & Trans Co., Ltd. နှင့် ကွင်းအမှတ်(၁/OSS)၊ စူငယ်စနန်းငင်းကြေးတိုင် ပြင်ကွင်း စူငယ်ဘာလိုင်းကျေးရွာအုပ်စု ကော့သောင်းမြို့နယ်တွင် ဟိုတယ်နှင့်ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော Kento Trading Co., Ltd. တို့က တည်ဆောက်ရေးကာလ ပထမအကြိမ် တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ *ကျော့ဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တည်ပင်ကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ဘီးလင်း–နတ်ကြီးသွားကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၆/၂ နှင့် ၃ အကြား အရှည် ပေ ၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ် အမျိုးအစား တံတားအမှတ်(၃/၁၇)အား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ မိုင်းပေါက်ကွဲမှုဒဏ်ကြောင့် အဆိုပါသံကူကွန်ကရစ်တံတားမှာ တောင်ဘက်ကမ်းကပ်ခုံမှ ပြိုကျပျက်စီးခဲ့ပြီး လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှု မရှိကြောင်းနှင့် ပျက်စီးသွားသည့်တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်မှု မရှိသဖြင့် ပြည်သူလူထုမှ ၎င်းတို့၏လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့် တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဘီးလင်း–နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇)သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။




ဘီးလင်း–နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် နေရာပြပုံ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများတွင် ကျွမ်းကျင်ပညာရှင်များမှ စေတီတော်များ တိမ်းစောင်းခြင်းရှိ/မရှိ၊ မြေအောက်သို့နိမ့်ကျွံခြင်းရှိ/မရှိ၊ စေတီတော်အက်ကွဲကြောင်းများ တိုင်းတာခြင်းလုပ်ငန်းများ ဆောက်ရွက်နေမှုအခြေအနေများနှင့် စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ဝါချက်ကျေးရွာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံထားရှိမှုအခြေအနေများနှင့် ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်သည့် အိပ်ဆောင်များကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ရွှေဟသာကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးမှ စုပေါင်းရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular Houseများနှင့် ယာယီလူနေအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်ကျောင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းအတွင်းရှိ ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ယာယီကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ မိဂဒါဝုန်ကျောင်းတိုက်အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ရှိ ချမ်းသာကြီးမြတ်စွာဘုရားနှင့် အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်ရှိ အနောက်တိုက်တော်အုဋ္ဌ်ကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ ဉာဏဝတီ သီလရှင်စာသင်တိုက်တကောင်းတိုက်သို့ လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ လောကမုနိ မြတ်စွာဘုရားသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများအား အဖွဲ့အစည်းအသီးသီးမှ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ပင်မဆောင်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် မြစ်သားမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား "ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ" သို့ တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူတစ်ဦးချင်းစီမှ သိရှိလိုသည့်အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ခန်းမဝင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲ(ယာယီ)ရုံးနှင့် မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယာယီ)ရုံးများအတွက် Modular Container Houseများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (မြစ်သား)နှင့် မြစ်သားမြို့နယ် ဘူတာရပ်ကွက် အမက(ဘူတာ)ကျောင်းဝင်းအတွင်းရှိ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေပြီး ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးအတွက် ကျောင်းဖွင့်ချိန်အမီ တည်ဆောက်နိုင်စေရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဘူတာရပ်ကွက် ရေဝန်း-မြင်းခြံကားလမ်းဘေးနှင့် ပြည်ပန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး လမ်းမကြီးဘေးရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ်အဆောက်အအုံများကို စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၈၅၅၇ လုံးအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ အလုံး ၈၀၁၀၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၅၄၇ လုံးမှ အဆောက်အအုံ ၅၄၇ လုံးတို့အား ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံများ မရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့၌ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**နေပြည်တော် မေ ၂၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဘင်ခရာ ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အဆိုပါ ကျောင်းခန်းမ၌ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ထားဝယ်မြို့နယ်၌ လယ်ယာမြေပြုပြင်နေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ထားဝယ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရပ်ကွက်/ကျေးရွာလေးခုရှိ သမဝါယမအသင်းလေးသင်းမှ အသင်းသားတောင်သူ ၂၃ ဦးဖြင့် လယ်ဧက ၁၅၅၄ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရှိ အသင်းသားတောင်သူ ဒေါ်စန်းစန်းဝင်း၏ လယ်ယာမြေ၌ ယမန်နေ့က လယ်ယာမြေပြုပြင်နေမှုများကို ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ နှင့်ဝန်ထမ်းများ၊ ထားဝယ်မြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အမှုဆောင်များ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသခံတောင်သူများနှင့်တွေ့ဆုံ ဆင်းသုခနွေစပါးစံပြကွက် ကွင်းဆင်းကြည့်ရှု



**မြစ်သား မေ ၂၆**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များသည် မေ ၂၄ ရက်က မြစ်သားမြို့နယ် ခန္တီးလေး ကျေးရွာ ကွင်းအမှတ်(၄၅၅)၊ ဦးပိုင်အမှတ် ၁၂ ဒသမ ၂၂ တောင်သူ ဦးအောင်ကျော်စိုးစံ၏ စိုက်ပျိုးဧက ၄၅ ဧကတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး စံပြ စပါးစိုက်ကွင်းကို လာရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆင်းသုခစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးအတွက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းသုခနွေစပါး စံပြကွက်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

**မော်လမြိုင်ကျွန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်-၁ အခြေခံပညာ



အထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လပွတ္တာခရိုင်အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးသန်းမောင်က ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပညာရေးဌာန၏ရည်မှန်းချက်၊ ကျောင်းအပ်နှံရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းသား ကျောင်းသူများထံသို့ ပေးအပ်ခဲ့သည်။

ရဲကိုမောင်(ပြန်/ဆက်)

သန်လျင်မြို့နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က အထက (၁) ရတနာရှင်းသန့်ခန်းမ၌ ကျင်းပရာ TTEC ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဦးညီပေါက်က မြို့နယ်ပညာရေးမှူး ဒေါ်ညွှန့်ညွှန့်မော်ထံ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ သန်းဝင်း(သန်လျင်)



## ခရမ်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ခရမ်း မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အမှတ်(၃) ရပ်ကွက်အတွင်းသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ခရမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်ကကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရှိ စက်ရုံအလုပ်ရုံများအတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မေ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုန်ရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေ တက်လာမှုပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြု ခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ပေါ်ထွန်းခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်း ခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိ ရေယာဉ်၏စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြု ခုတ်မောင်းရန် လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စီး ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များအန္တရာယ် မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့်ဥပဒေ၊ စည်းကမ်းချက်များအတိုင်းလိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

## ရွှေလုပ်ငန်းရှင်များအသင်းချုပ် အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ် အကြိမ် (၂၀)မြောက် နှစ်ပတ်လည် အသင်းသားများ စုံညီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်မှ ၂၀၂၄ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ၂၀၂၄ နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုပြီး ၂၀၂၄-၂၀၂၆ ခုနှစ် အမှုဆောင်သက်တမ်း ပြန်လည်ဖွဲ့စည်းထားသော အလုပ်အမှုဆောင်များ အဖွဲ့စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ် အကြိမ်(၂၀)မြောက်နှစ်ပတ်လည် အသင်းသားများ စုံညီအစည်းအဝေးတွင် Main Sponsor အဖြစ် အဘက်ဘက်မှ ပံ့ပိုးကူညီပေးသော ကုမ္ပဏီများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ရွှေလုပ်ငန်းရှင်များ အသင်းချုပ်တွင် စီမံခန့်ခွဲမှုကော်မတီဝင် ၂၀ အပါအဝင် ဗဟိုအလုပ် အမှုဆောင်၊ အလုပ်အမှုဆောင် ၈၀ ဦးရှိပြီး အသင်းဝင် အသင်းသား ၃၀၄၄ ဦးရှိကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## အုတ်ဖိုမြို့နယ်၌ မိုးနှမ်းစုပေါင်းစိုက်ပျိုး

**အုတ်ဖို မေ ၂၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အုတ်တွင်းကုန်းအုပ်စု လက်ခုပ်ကုန်းကျေးရွာ ကွင်းအမှတ် (၈၄၅) တောင်သူ ဦးစောဝင်း၏ နှမ်းစိုက်ဧရိယာငါးဧကတွင် ယမန်နေ့က နှမ်းပေါင်ကြီးတင်အစေ့ချကိရိယာဖြင့် စုပေါင်းစိုက်ပျိုးလျက်ရှိရာ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးသည်။ အုတ်ဖိုမြို့နယ်၌ မိုးနှမ်းလျာထားဧက ၃၂၅၆ ဧကတွင် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

## ကျောက်တန်းမြို့နယ်၌ အထွက်တိုးမျိုးစပါးများကို သမဝါယမအသင်းသားတောင်သူများထံ ပေးအပ်

**ကျောက်တန်း မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုးစပါးများအား အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ၌ ပြုလုပ်သည်။



အဆိုပါ မျိုးကောင်းမျိုးသန့်စပါးများကိုအသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ဖြန့်ဖြူးခြင်းကို ကျောက်တန်းမြို့နယ်သမဝါယမဦးစီးဌာနကဦးစီးအရာရှိ ဒေါ်နွယ်နွယ်ခိုင်၊ ဦးစီးမှူး ဒေါ်တိုးတိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းစိုး ခေါင်းဆောင်သည့်အဖွဲ့တို့က စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ငါးသင်းရှိ အသင်းသား တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ အထွက်တိုး မျိုးစပါးများကို အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ခြင်းဖြင့် တောင်သူတို့အတွက် အထွက်တိုး မျိုးစပါးစိုက်ပျိုးရန်၊ မျိုးစပါးရရှိရန် ပူပင်စရာ မလိုသည့်အတွက် စားရေရိက္ခာဖူလုံပြီး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မြောင်းမြ မေ ၂၆**

မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၀၄ ကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယမန်နေ့ နံနက်က တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးအောင်ကိုကို၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့များ၊ ဌာနဆိုင်ရာများက အဘိတ်ဆေးခတ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။ **ခရိုင်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မြောင်းမြ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အ.ထ.က (၁)၊ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက်ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော ကျောင်းသုံးပုံနှိပ် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**



## ကျောင်းကုန်းမြို့နယ်၌ မိုးစပါးရာသီ ဆင်းသုခRS မျိုးစပါးများ ထောက်ပံ့ပေးအပ်

**ကျောင်းကုန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ၌ ၂၀၂၅- ၂၀၂၆ မိုးစပါးရာသီအတွက် ဆင်းသုခ RS မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်/တိုး/မြှင့်အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက တစ်ဧကလျှင် စပါး ၁၀ တင်းနှုန်း တိုးထွက်စေရေးအတွက် ကြိုးစားစေလိုကြောင်း၊ ကောင်းမွန်သည့်မျိုးစေ့ဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စွာစိုက်မည်ဆိုလျှင် စပါးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်/တိုး/မြှင့်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူများအား ဆင်းသုခ RS မျိုးစပါးများ ထောက်ပံ့ပေးအပ်သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတကာ ထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မေ ၂၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် SGE Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီး(အနောက်) တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ



**ပြည် မေ ၂၆**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက ပြည်မြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အထက်တန်းအဆင့်သင် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ပေးဝေသော ကျောင်းသုံးပစ္စည်းများကို တိုင်းဒေသကြီးရုံးခွဲ (ပြည်) မှ တိုင်းပညာရေးမှူး ဒေါက်တာချစ်ကိုကိုထံ ပေးအပ်ပြီး ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အလယ်တန်းအဆင့်အတွက် အခမဲ့ပေးဝေသော ကျောင်းသုံးပစ္စည်းများနှင့် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က မူလတန်းအဆင့်အတွက် အခမဲ့ပေးဝေသော ကျောင်းသုံးပစ္စည်းများကို ပညာရေးဌာနတာဝန်ရှိသူများထံ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ပြည်မြို့ အထက(၁)၊ အထက (အောင်ဆန်း)နှင့် အထက(၅) တို့၌ မိဘ/ဆရာများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီက ကြီးမှူးကျင်းပသော SHADOWBOXING စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီက ကြီးမှူးကျင်းပသော SHADOWBOXING စွမ်းရည်ပြိုင်ပွဲကို မေ ၂၅ ရက် နံနက်က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ စွမ်းရည်ပြလက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် ၁၅ နှစ်အောက်၊ အသက် ၁၈ နှစ်အောက် တစ်ဦးချင်း ယှဉ်ပြိုင်ကြသည်။ ယင်းလက်ဝှေ့ပြိုင်ပွဲသည် နှစ်ဦးယှဉ်ပြိုင်မဟုတ်ဘဲ တစ်ဦးတည်း တစ်ကိုယ်ရေ ကာကွယ်ရန်အတွက် စွမ်းရည်ပြပြိုင်ပွဲပြသခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြို့နယ်များမှ လက်ဝှေ့ကစားသမားအသက် ၁၅ နှစ်အောက် ၂၀ ဦး၊ အသက် ၁၈ နှစ်အောက် ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသက် ၁၅ နှစ်အောက် အထူးဆု ငါးဆု၊ ၁၈ နှစ်အောက် အထူးဆု ငါးဆု ရရှိကြသော အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီနာယက ဦးဝင်းကျော်၊ ဥက္ကဋ္ဌ ဦးထွန်းမင်းသက်နှင့် အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## ပင်းတယမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းနှင့် Biometric များ နေ့ချင်းပြီးဆောင်ရွက်ပေး

**ပင်းတယ မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် မေ ၂၄ ရက်က ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ပန်းခင်း စီမံချက် အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းနှင့် Biometric များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ရှမ်းပြည်နယ်ဦးစီးဌာနမှူး ဦးအောင်မျိုးက လက်ဝယ်အရောက် နေ့ချင်းပြီးဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** **အောင်ကိုဦး(ပြန်/ဆက်)**





အလုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးပြည့်စုံ ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် INDONESIAN INTERNATIONAL SCHOOL YANGON (Cambridge International School) ကျောင်းအုပ်ဆရာကြီး Mr.Sunarjo တို့ပူးပေါင်း၍ အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်ရှိ ၎င်းကျောင်းတွင် မေ ၂၆ ရက်က ကျောင်းသား ကျောင်းသူ ၃၅၈ ဦးနှင့် ဆရာ ဆရာမ ၆၃ ဦးတို့အား နှစ်ချိန်ခွဲပြီး ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြော သရုပ်ပြစဉ်။

တင်ဝင်းတင်

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

(၂၆-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၈-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀ ဒသမ ၂၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်) ကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးအား ဦးစားပေးအစီအစဉ်ဖြင့် ထိုးနှံသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း
မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း
မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း



ထီးရွက်အောက်ပါးဟက်များဖြူခြင်း
မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း
အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၄၀၃၇၊ ၀၅၉-၂၀၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၀၁၆၊ ၀၁-၈၃၀၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG A3 (297 x 420 mm) with the correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15Mb ထက် မပိုစေရ။ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း) နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလှဲ့လှဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil ၊ Felt-tip Pen၊ Crayons ၊ Paints ၊ Sketch Markers ၊ Sepia ၊ Sanguine ၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါ အချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပါ အချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာ အသုံးပြု၍ ယှဉ်ပြိုင်ခြင်း မပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားငါးဦးကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် မေ ၂၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ကာဇက်စတန်နိုင်ငံသားနှစ်ဦး၊ တောင်အာဖရိကနိုင်ငံသားသုံးဦး စုစုပေါင်း ငါးဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက် မှ မေ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုဇွန်တောင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မော်ဘီမြို့နယ်နှင့် ဒလမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၅၀ တန်၊ သစ်မာ ၅ ဒသမ ၁၆၂ တန်၊ အခြားသစ် ဝ ဒသမ ၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၀၄၀၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မေ ၂၅ ရက်တွင် ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၂၃၅၄၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မေ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၆၁၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၉၆၁၅၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် ပေါက်တောမြို့နယ် အငူမော်ကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၀၄၆၉၅၂)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ဇေယျာသီရိမြို့နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ကျေးလက်လမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားသည့်လမ်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ မေ ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေ၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးတို့က တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လမ်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်း(မိုး)များ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ပဲတီစိမ်း(မိုး)ကို ကျောက်ဆည်မြို့နယ်၌ ၃၂၉၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း(မိုး)ကို မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လများတွင် စတင်ခူးဆွတ်ရကြောင်း၊ ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုး များကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၅-၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပဲတီစိမ်း ၁၁-၁၂ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA(မန္တလေး)**





# ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ နှမ်း၊ ပြောင်း၊ နေကြာ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြောင်း သိရသည်။

ရုံးပတီသီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်သည့် သီးနှံဖြစ်၍ စိုက်ပျိုးပြီး ၄၅ ရက်ခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုးနှင့် ပင်မြင့်မျိုးများကို စိုက်ပျိုးကြပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ရုံးပတီသီး တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ်ခန့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ ရုံးပတီသီးကို တစ်ရက်ခြားတစ်ကြိမ် သက်တမ်းအားဖြင့် နှစ်လခန့်အထိ ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၀၀၀-၁၂၀၀ ခန့် ထွက်ရှိပြီး ပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA(မန္တလေး)**

# မြစ်သားမြို့နယ်၌ နှံစားပြောင်းသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နှံစားပြောင်းသီးနှံ စိုက်ဧက ၁၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဧကအားလုံး အောင်မြင်စွာ ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နှံစားပြောင်းကို စိုက်ပျိုးပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ ထွက်တိုးနီမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးလေးပြည်ခန့် ကုန်ကျ၍ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် နှံစားပြောင်း ၃၅-၄၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် နှံစားပြောင်းသီးနှံ ဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**



# ငရုတ်သီးနှံစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ငရုတ်သီးနှံကို ကျောက်ဆည်မြို့နယ်၌ ၁၀၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၇၆၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး လေးလခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ သာမို၊ ဒီမွန်၊ အက်စတာ၊ ၆၉၂၊ ကျားခေါင်း ငရုတ်မျိုးများကို စိုက်ပျိုးကြပြီး ၆၉၂ ငရုတ်မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ငရုတ်သီးခြောက်(အညှာပါ) ပိဿာချိန် ၄၀၀-၄၃၀ ခန့်ထွက်ရှိပြီး တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငရုတ်သီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အမြတ်ရရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ၂၆-၅-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၈၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၃၂၀ | ၁၆၅၀၀ | ၂၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၂၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၈၀၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၂၆၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၀၀၅ | ၁၅၅၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၆၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၁၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၅၀ | ၁၁၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၆၅၀၀ | ၇၂၈၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၃၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၆၀၀ | | ၆၈၀၀ | ၉၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၀၀၀ | ၇၀၉၅ | ၁၆၄၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၁၅၄၀၀ | ၁၀၈၀၀ | ၄၅၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၅၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၂၀၀ | ၇၀၉၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၄၀၀ | ၁၅၆၀၀ | ၁၁၂၀၀ | ၄၇၀၀ | ၁၄၀၀ | ၁၀၆၀၀ | ၆၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၅၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၄၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၆၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀) အထက် လုပ်ငန်း(၅)ခုအား စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်/ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | လုပ်ငန်းအမည် | တည်နေရာ |
|---|---|---|---|
| ၁ | 1 | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ခပက(၂၈မှ၃၂)အထိ အနောက်ဘက် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း (၂၇၀ x ၂ x ၁၂)ပေ | ဟားခါးမြို့ |
| ၂ | 2 | တီးတိန်ခရိုင်စုပေါင်းရုံးတည်ဆောက်ခြင်း (၁၃၆x၈၇x၄၆)ပေ(အဆောက်အအုံ၏ တတိယထပ် အမိုး Slab လောင်းခြင်းလုပ်ငန်း၊ မြေညီထပ်နှင့် ပထမထပ်အုတ်စီခြင်း လုပ်ငန်းများပါဝင်ပါသည်။)(၅၀%လျှာထားခြင်း) | တီးတိန်မြို့ |
| ၃ | 3 | တီးတိန်ခရိုင်စုပေါင်းရုံးတည်ဆောက်ခြင်း အတွက် ရုံးဧရိယာအတွင်း မြေညှိခြင်း လုပ်ငန်း | တီးတိန်မြို့ |
| ၄ | 4 | တီးတိန်ခရိုင်စုပေါင်းရုံးတည်ဆောက်မည့် နေရာတွင် မြေထိန်းနံရံတည်ဆောက်ခြင်း (၄၀၀ x ၃ x ၁၀)ပေ | တီးတိန်မြို့ |
| ၅ | 5 | တီးတိန်ခရိုင်ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၂)ထပ် တည်ဆောက်ခြင်း(၁၀၀x၄၀x၂၄)ပေ | တီးတိန်မြို့ |

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့် နေ့ရက်/အချိန်** - (၂၀-၅-၂၀၂၅)ရက် နံနက် (၁၀၀၀)နာရီ

၃။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - (၂-၆-၂၀၂၅)ရက် ညနေ(၁၅၀၀)နာရီ

၄။ **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ** - ချင်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

၅။ **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန်** - ပြန်လည်ဆက်သွယ် အကြောင်းကြားပါမည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း -၀၉-၄၄၀၈၆၈၂၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟားခါးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အထက(၃) Grade-12(A)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ပညာသင်ကြားလျက်ရှိသော မဇင်ဇင်ငြိမ်းနှင့် မသဇင်ငြိမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဇင်ဇင်ငြိမ်း(ခ)မသဇင်ငြိမ်း**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း GRADE(7)မှ ဦးသန်းထိုက် ၇/တငန(နိုင်)၁၂၄၆၃၃ ၏ သားဖြစ်သူ မောင်မင်းဟိန်းကျော်အား မောင်အောင်ဖုန်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ဖုန်းပြည့်**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မင်္ဂလာ(၅)ရပ်ကွက်နေ ဦးဇော်လင်း၏ သား အလက(၃) Grade-9 မှ မောင်ချစ်ဦးမောင်၏ အမည်မှန်မှာ မောင်သူရိန်မင်းခန့် ဖြစ်ပါကြောင်း။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်၊ နယ်မြေ(၁၃)ရပ်ကွက်နေ ဦးအေးလွင်၏ သား အမက(ချမ်းမြေ့အောင်စည်) Grade-4 မှ မောင်ကောင်းခန့်ဟိန်း၏အမည်မှန်မှာ မောင်ခန့်သီဟအောင် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/8716 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တောင်ကြီး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝရတ်လမ်း၊ မြေကွက်အမှတ် (၆၁၅)၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံ့စက်ကွက်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် RPNO- ၇၄၃/V/၉၀-၉၁ အရ ဦးဝုန်ခန့်မန်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဝုန်ခန့်မန် ၁၂/သလန(နိုင်)၀၀၄၁၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး ၁၂/ကမရ(နိုင်)၀၁၅၈၀၉က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် (LL.B., D.B.L)** (စဉ်- ၁၄၆၆၈) **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင် (LLB)** (စဉ် - ၁၈၇၂၆)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့ ။ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မကွေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

ဦးကျော်သန်း နှင့် ၁။ ဦးတင်ညွန့်
၂။ ဦးညွန့်ဝင်း
၃။ ဒေါ်စင်မြကြည်
၄။ ဦးကြည်မောင်
၅။ ဒေါ်ခင်ဝိုင်း

**တရားလို** **တရားပြိုင်များ**

မကွေးမြို့ ၊ သိင်္ဂါဂီရိရပ်ကွက်၊ နတ်မောက်လမ်းနေ ဦးတင်ညွန့် (ဘ) ဦးမောင်ကို၊ မကွေးမြို့၊ အောင်စေတနာရပ်၊ ဗိုလ်လကျာ်လမ်း၊ အမှတ် (အေ-၆၁၅)နေ ဦးညွန့်ဝင်း၊ တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ အမှတ်(၂)၊ အနော်ရထာလမ်းနေ ဒေါ်စင်မြကြည်၊ မကွေးမြို့၊ ပြည်တော်သာရပ်၊ တိုက်(၃၈/၅)နေ ဦးကြင်မောင်၊ မကွေးမြို့၊ ပြည်တော်သာရပ်၊ တိုက်(၃၈/၅) နေ ဒေါ်ခင်ဝိုင်း(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

